# Information Sheet



VOLUME I, ISSUE 41 25 April 2022

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မိန့်ခွန်းပြောကြား | ၁ |
| ၂ | (၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့် | ၃ |
| ၃ | တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ အသိပေးထုတ်ပြန် | ၆ |
| ၄ | ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူးတို့ ကမ္ဘောဒီးယားဒုတိယဝန်ကြီးနှင့် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်၏ ရုံးအဖွဲ့အကြီးအကဲ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ | ၇ |
| ၅ | အထူးစီးပွားရေးဇုန်များ၏ ပို့ကုန်/ သွင်းကုန်လုပ်ငန်းများ လျင်မြန်ချောမွေ့စေရေး နှင့် ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်ချောမွေ့စေရေးတို့အတွက် နိုင်ငံခြားငွေကြေးအသုံးပြုခြင်းနှင့်စပ်လျဉ်းသည့် အစည်းအဝေးများကျင်းပ | ၁၁ |
| ၆ | ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ကျေးလက်ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (CIRDAP) ၏ (၂၃) ကြိမ်မြောက် အုပ်ချုပ်မှုကောင်စီ အစည်းအဝေးသို့တက်ရောက် | ၁၃ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇ | ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး တတိယအကြိမ်မြောက် ဘင်းမ်စတက် စွမ်းအင်ဝန်ကြီးများ အစည်းအဝေးသို့ပါဝင်တက်ရောက် | ၁၄ |
| ၈ | ၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် စီမံချက်ရေးဆွဲပြီး စီစဉ်ဆောင်ရွက်လျက်ရှိ | ၁၅ |
| ၉ | ပြည်ထောင်စုဝန်ကြီး ဒေါက်တာငွေအောင် ကမ္ဘာ့ခရီးသွားလုပ်ငန်း ကောင်စီ၏ (၂၁) ကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာခရီးသွားလုပ်ငန်း ညီလာခံသို့တက်ရောက် | ၁၆ |
| ၁၀ | တပ်မတော်ဆေးတက္ကသိုလ်၏ (၉) ကြိမ်မြောက်၊ (၁၀) ကြိမ်မြောက်နှင့် (၁၁)ကြိမ်မြောက် ဘွဲ့လွန်ဘွဲ့နှင်းသဘင်အခမ်းအနားများကျင်းပ | ၁၇ |
| ၁၁ | (၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ခင်းကျင်းပြသရောင်းချလျက်ရှိ | ၁၈ |
| ၁၂ | မလေးရှားနိုင်ငံမှ လှူဒါန်းသည့် Astrazeneca ကိုဗစ်ကာကွယ်ဆေးများ မြန်မာနိုင်ငံသို့ရောက်ရှိ | ၂၁ |
| ၁၃ | အိန္ဒိယအစိုးရက မြန်မာနိုင်ငံသို့လှူဒါန်းသည့် ဆန်နှင့်ဂျုံတို့ကို သိုလှောင်ရုံများအတွင်း စနစ်တကျထားရှိ၍ ပြည်သူများ၏ လက်ဝယ်အရောက်ဖြန့်ဝေပေးနိုင်ရေးဆောင်ရွက် | ၂၂ |
| ၁၄ | ပင်လည်ဘူးမြို့တွင် PDF အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်မှုများကြောင့် လုံခြုံစိတ်ချရသောနေရာများတွင် နေထိုင်လျက်ရှိသော ဌာနဆိုင်ရာဝန်ထမ်းများကို စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများ ထောက်ပံ့ပေးအပ် | ၂၄ |
| ၁၅ | PDF အကြမ်းဖက်အဖွဲ့ထောင်ထားသည့် လက်လုပ်မိုင်းပေါက်ကွဲ၍ ကိုရင်ငယ် ၂ ပါး သေဆုံးကာ ကိုရင်ငယ် ၁ ပါးဒဏ်ရာရရှိ | ၂၅ |
| ၁၆ | PDF အကြမ်းဖက်သမားများက အခြေခံပညာအထက်တန်းကျောင်း၌ စာပေသင်ကြားပြသပေးလျက်ရှိသည့် ဒုတိယကျောင်းအုပ်ဆရာကြီးအား ရက်စက်စွာ လုပ်ကြံသတ်ဖြတ် | ၂၆ |
| ၁၇ | မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတား (မြန်မာဘက်ခြမ်း) မုခ်ဦးတွင် မော်တော်ယာဉ်ဖြင့် ဖောက်ခွဲဖျက်ဆီးမှုဖြစ်ပွား | ၂၇ |
| ၁၈ | လှိုင်သာယာ(အရှေ့ပိုင်း)နှင့်(အနောက်ပိုင်း)မြို့နယ်များအတွင်း အကြမ်းဖက် လုပ်ရပ်များကို ကျူးလွန်သူများအား ပြစ်ဒဏ်အသီးသီးချမှတ် | ၂၈ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မိန့်ခွန်းပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် မိဘပြည်သူများသို့ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်တွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မိန့်ခွန်းပြောကြားခဲ့ပါသည်။

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ပြောကြားသည့်မိန့်ခွန်း

**မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်**

**၂၀၂၂ ခုနှစ် ၊ ဧပြီလ ၂၂ ရက်**

**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ မိဘပြည်သူများခင်ဗျား**

နိုင်ငံတော်အစိုးရနဲ့ တပ်မတော်အနေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အစဉ်အဆက်တောင်းဆိုလာခဲ့တဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုနိုင်ငံတည်ဆောက်ရေးကို ခိုင်ခိုင်မာမာအာမခံထားပြီးဖြစ်ပါတယ်။ လာမယ့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ဟာ စိန်ရတုလွတ်လပ်ရေးနေ့ ဖြစ်ပါတယ်။ ၇၅ နှစ်ကာလကြာပြီဖြစ်တဲ့ လွတ်လပ်ရေးရဲ့ အနှစ်သာရများကို တိုင်းရင်းသားပြည်သူများ အပြည့်အဝမခံစားရသေးတာကိုလည်း လက်ရှိပကတိဖြစ်ရပ်များက ပြဆိုနေပါတယ်။ အဓိကအကြောင်းအရာကတော့ သဘောထားကွဲလွဲမှုများအပေါ်မှာအခြေခံပြီး ဖြစ်ပေါ်လာခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများကြောင့်ပဲ ဖြစ်ပါတယ်။

ဒါကို ကျွန်တော်တို့ ဖြေရှင်းနိုင်မှသာ ဒီမိုကရေစီရဲ့အနှစ်သာရ လွတ်လပ်ရေးအနှစ်သာရကို အပြည့်အဝခံစားနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီ ၂၀၂၂ ခုနှစ်ဟာ ငြိမ်းချမ်းရေးနှစ်ဖြစ်ကြောင်းနဲ့ တစ်နိုင်ငံလုံးမှာ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးကို ဆောင်ရွက်သွားမယ်လို့ ကျွန်တော်ပြောခဲ့ပါတယ်။

ဒါကို လက်တွေ့ကျကျ ထိထိရောက်ရောက်အကောင်အထည်ဖော်နိုင်ဖို့ လိုအပ်တဲ့အတွက်ကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များရဲ့ ခေါင်းဆောင်များကို တွေ့ဆုံဆွေးနွေးဖို့အတွက် ဖိတ်ခေါ်ပါတယ်။ အဖွဲ့များအားလုံးကို ကျွန်တော်ကိုယ်တိုင်တွေ့ပါမယ်။ ပြီးလို့ရှိရင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကိုယ်စားလှယ်အဖွဲ့များနဲ့ ဆွေးနွေးမှုများပြုလုပ်သွားပါမယ်။

လိုအပ်ရင်လည်း ထပ်မံဆွေးနွေးမှုတွေကိုလည်း ပြုလုပ်သွားပါမယ်။ ဒီဆွေးနွေးပွဲကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အသီးသီးရဲ့ ခေါင်းဆောင်များကိုယ်တိုင်နဲ့ အဖွဲ့ဝင် ၂ ဦးစီ တက်ရောက်ပေးကြပါ။ တက်ရောက်မယ့်သူ ပုဂ္ဂိုလ်များရဲ့ အမည်ကို ၂၀၂၂ ခုနှစ် မေလ ၉ ရက်နေ့ နောက်ဆုံးထားပြီး ပြန်ကြားပေးကြစေလိုပါတယ်။

နှစ်ဖက်ညှိနှိုင်းပြီးတော့မှ ရက်သတ်မှတ်ဆွေးနွေးသွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ တိုင်းရင်းသားပြည်သူအားလုံး ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုရဲ့ အရသာကိုခံစားနိုင်ရေး ကျွန်တော်တို့အားလုံးလက်တွဲပြီး ရိုးသားပွင့်လင်းစွာ ဆွေးနွေးသွားကြပါမယ်။

ပြည်ထောင်စုသားအားလုံးရဲ့အကျိုးကို ရှေးရှုပြီး ပူးပေါင်းဆောင်ရွက်ပေးကြဖို့ တိုက်တွန်းလိုပါတယ်ခင်ဗျား။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**(မြဝတီသတင်းစာ ၂၃-၄-၂၀၂၂)**

- **နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အစဉ်အဆက်တောင်းဆိုလာခဲ့သည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုနိုင်ငံတည်ဆောက်ရေးကို ခိုင်ခိုင်မာမာအာမခံထားပြီးဖြစ်။**
- **လွတ်လပ်ရေး၏အနှစ်သာရများကို တိုင်းရင်းသားပြည်သူများ အပြည့်အဝမခံစားရသေးကြောင်းကို လက်ရှိပကတိဖြစ်ရပ်များက ပြဆိုနေပြီး အဓိကအကြောင်းအရာမှာ သဘောထားကွဲလွဲမှုများအပေါ်အခြေခံပြီး ဖြစ်ပေါ်လာခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများကြောင့်ဖြစ်။**
- **တစ်နိုင်ငံလုံး လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးကို ထိထိရောက်ရောက်အကောင်အထည်ဖော်နိုင်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ခေါင်းဆောင်များအား တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်ပြီး အဆိုပါအဖွဲ့များအားလုံးကို နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် တွေ့ဆုံမည်ဖြစ်၊ တွေ့ဆုံပြီးပါက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကိုယ်စားလှယ်အဖွဲ့များနှင့် ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်။**
- **ဆွေးနွေးပွဲသို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အသီးသီး၏ခေါင်းဆောင်များကိုယ်တိုင်နှင့် အဖွဲ့ဝင် ၂ ဦးစီ တက်ရောက်ရမည်ဖြစ်ပြီး တက်ရောက်မည့် ပုဂ္ဂိုလ်များ၏ အမည်ကို ၂၀၂၂ ခုနှစ်၊ မေလ ၉ ရက်နေ့ နောက်ဆုံးထားပြီး ပြန်ကြားပေးကြစေလို။**

# (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်



ဧပြီလ ၂၂ ရက်တွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသော (၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ခဲ့ရာ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် ကျောက်မျက်ရတနာကုန်သည်များ တက်ရောက်ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရတနာပစ္စည်းများ ထုတ်လုပ်မှုအဆင့်ဆင့်နှင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲအခမ်းအနားကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းအားလည်းကောင်း၊ ကျောက်စိမ်းခန်းမအတွင်း ပြသထားသောကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများကိုလည်းကောင်း၊ ခန်းမအပြင်ဘက်တွင် ခင်းကျင်းပြသထားသည့်ကျောက်စိမ်းရိုင်းအတွဲများနှင့် ၃၅ တန်ရှိ အကြီးဆုံးကျောက်စိမ်းတုံးကြီးကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး ပုလဲနှင့်ကျောက်မျက်ရတနာများ ရောင်းချရာတွင် နိုင်ငံခြားငွေများဖြစ်သည့် အမေရိကန်ဒေါ်လာ၊ ယူရို၊ ယွမ်တို့အပြင် နောင်ပြပွဲများတွင် ဟောင်ကောင်ဒေါ်လာနှင့် ထိုင်းဘတ်ငွေတို့ဖြင့်ပါရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများကိုမှာကြားခဲ့ပြီးနောက် ကျောက်စိမ်းဥယျာဉ်ပြန်လည်အဆင့်မြှင့်တင်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာတာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

အကြီးဆုံးကျောက်စိမ်းတုံးကြီးမှာ လုံးခင်းဖားကန့်ရတနာနယ်မြေ၊ မက်လင်ချောင်မှော်၊ နိုင်ငံတော်နှင့် အကျိုးတူလုပ်ကွက် (၂)မှ တူးဖော်ရရှိသည့် ၃၀၈ တန် ခန့်ရှိ ကျောက်စိမ်းတုံးကြီးမှ ဖြတ်ယူရရှိထားသည့် ၃၅ တန်ရှိ ကျောက်စိမ်းတုံးကြီးဖြစ်ပြီး အရည်အသွေးကောင်းမွန်သည့် အသားကျောက်အမျိုးအစားဖြစ်ကာ အခြေခံဈေးနှုန်းအနေဖြင့် ယူရိုငွေ ၅ သန်းကျော် ခန့်မှန်းတွက်ချက်ထားကြောင်း သိရှိရပါသည်။


ကျောက်စိမ်းဥယျာဉ်အား ၂၀၁၀ ခုနှစ်၌ မြေဧရိယာအကျယ်အဝန်း ၈ ဒသမ ၂၆ ဧကပေါ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီးဥယျာဉ်အတွင်း ကျောက်စိမ်းရိုင်းတုံးပေါင်း ၅,၁၁၇ တုံးနှင့်အခြားကျောက်ရိုင်းပေါင်း ၁၄,၂၅၂ တုံးထားရှိထားကြောင်းနှင့်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ဥယျာဉ်အား ပြန်လည်ပြုပြင်ထိန်းသိမ်းအဆင့်မြှင့်တင်ခြင်းများဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းသိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၃-၄-၂၀၂၂)**

**(၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လှည့်လည်ကြည့်ရှုနေသည့် မှတ်တမ်းဓာတ်ပုံများ**













## (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လှည့်လည်ကြည့်ရှုနေသည့် မှတ်တမ်းဓာတ်ပုံများ









- နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသော (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ခဲ့။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အခမ်းအနားကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းအားလည်းကောင်း၊ ကျောက်စိမ်းခန်းမ အတွင်း/အပြင်ဘက်တွင် ပြသထားသော ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအတွဲများ၊ ကျောက်စိမ်းရိုင်းအတွဲများနှင့် ၃၅ တန်ရှိ အကြီးဆုံးကျောက်စိမ်းတုံးကြီးကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး ပုလဲနှင့်ကျောက်မျက်ရတနာများရောင်းချရာတွင် နိုင်ငံခြားငွေများဖြစ်သည့် အမေရိကန်ဒေါ်လာ၊ ယူရို၊ ယွမ်တို့အပြင် နောင်ပြပွဲများတွင် ဟောင်ကောင်ဒေါ်လာနှင့် ထိုင်းဘတ်ငွေတို့ဖြင့်ပါ ရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများကိုမှာကြားနောက် ကျောက်စိမ်းဥယျာဉ်ပြန်လည်အဆင့်မြှင့်တင်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ အသိပေးထုတ်ပြန်

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဆွေးနွေးမှုများပြုလုပ်နိုင်ရေး ဖိတ်ခေါ်ထားသည့် ကာလနှင့် တွေ့ဆုံဆွေးနွေးနေစဉ်ကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ငြိမ်းချမ်းရေးကိုထိခိုက်ပျက်စီးစေမည့်ကိစ္စရပ်များကို မပြုလုပ်ရန်နှင့် ထိုကဲ့သို့လုပ်ဆောင်လာပါက တပ်မတော်အနေဖြင့် လိုအပ်သည့်အရေးယူတုံ့ပြန်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ဧပြီလ ၂၂ ရက်တွင် အသိပေးထုတ်ပြန်ခဲ့ပါသည်။

## ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ အသိပေးထုတ်ပြန်ချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**
**ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ အသိပေးထုတ်ပြန်ချက်**
**(၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်)**
**(၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်)**

တပ်မတော်အနေဖြင့် ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တလျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးရရှိရန်ဦးတည်၍ ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းအထိ ပစ်ခတ်တိုက်ခိုက်မှုများကို ရပ်စဲပေးထားပြီး အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့သည် စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်ပြီး ယခု ၂၀၂၂ ခုနှစ်သည် ငြိမ်းချမ်းရေးနှစ်ဖြစ်ကြောင်းနှင့် တစ်နိုင်ငံလုံးတွင် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြောကြားခဲ့ပြီးဖြစ်ပါသည်။ ထို့ပြင် ငြိမ်းချမ်းရေးကိစ္စရပ်များကို လက်တွေ့ကျကျထိထိရောက်ရောက်အကောင်အထည်ဖော်နိုင်ရေးအတွက်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ခေါင်းဆောင်များနှင့် ကိုယ်တိုင်တွေ့ဆုံ၍ ရိုးသားပွင့်လင်းစွာဆွေးနွေးနိုင်ရေး ဖိတ်ခေါ်ထားပြီးဖြစ်ပါသည်။

အဆိုပါ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဆွေးနွေးမှုများပြုလုပ်နိုင်ရေး ဖိတ်ခေါ်ထားသည့်ကာလနှင့် တွေ့ဆုံဆွေးနွေးနေစဉ်ကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ငြိမ်းချမ်းရေးကိုထိခိုက်ပျက်စီးစေမည့် အင်အားစုဆောင်းခြင်း၊ လှုပ်ရှားခြင်း၊ နယ်မြေချဲ့ထွင်ခြင်း၊ လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တပ်စခန်းများအားတိုက်ခိုက်ခြင်း၊ တပ်ဌာနချုပ်များကို နှောင့်ယှက်တိုက်ခိုက်ခြင်းများမပြုရန်နှင့် ထိုကဲ့သို့လုပ်ဆောင်လာပါက တပ်မတော်အနေဖြင့် လိုအပ်သည့်အရေးယူတုံ့ပြန်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**

**(မြဝတီသတင်းစာ ၂၃-၄-၂၀၂၂)**

- **တပ်မတော်အနေဖြင့် ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တလျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးရရှိရန် ဦးတည်၍ ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းအထိ ပစ်ခတ်တိုက်ခိုက်မှုများကို ရပ်စဲပေးထားပြီး အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိ။**
- **ငြိမ်းချမ်းရေးကိစ္စရပ်များကို လက်တွေ့ကျကျ ထိထိရောက်ရောက်အကောင်အထည်ဖော်နိုင်ရေးအတွက်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ခေါင်းဆောင်များနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်တိုင်တွေ့ဆုံ၍ ရိုးသားပွင့်လင်းစွာဆွေးနွေးနိုင်ရေး ဖိတ်ခေါ်ထားပြီးဖြစ်။**

- ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဆွေးနွေးမှုများပြုလုပ်နိုင်ရေး ဖိတ်ခေါ်ထားသည့်ကာလနှင့် တွေ့ဆုံဆွေးနွေးနေစဉ်ကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ငြိမ်းချမ်းရေးကိုထိခိုက်ပျက်စီးစေမည့် အင်အားစုဆောင်းခြင်း၊ လှုပ်ရှားခြင်း၊ နယ်မြေချဲ့ထွင်ခြင်း၊ လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏တပ်စခန်းများအားတိုက်ခိုက်ခြင်း၊ တပ်ဌာနချုပ်များကို နှောင့်ယှက်တိုက်ခိုက်ခြင်းများမပြုရန်နှင့် ထိုကဲ့သို့လုပ်ဆောင်လာပါက တပ်မတော်အနေဖြင့် လိုအပ်သည့်အရေးယူတုံ့ပြန်မှုများကို ဆောင်ရွက်သွားမည်ဖြစ်။

## ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူးတို့ ကမ္ဘောဒီးယားဒုတိယဝန်ကြီးနှင့် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်၏ ရုံးအဖွဲ့အကြီးအကဲ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ကမ္ဘောဒီးယားနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ရုံးအဖွဲ့ခေါင်းဆောင် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အားလက်ခံတွေ့ဆုံနေမှု**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်တို့သည် ကမ္ဘောဒီးယားနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ရုံးအဖွဲ့ခေါင်းဆောင် H.E. Dr. KUNG Phoak ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဧပြီလ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် နေပြည်တော်ရှိ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီး၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

- ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် တွေ့ဆုံရာတွင် တူညီဆန္ဒ(၅)ချက်အကောင်အထည်ဖော်ဆောင်ရန်နှင့် ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် အာဆီယံ၏စိတ်ရှည်သည်းခံမှု၊ နားလည်ပေးမှုနှင့် ခိုင်မာသောထောက်ခံမှုကို မျှော်လင့်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မည်သူ့ကိုမျှ ချန်လှပ်မထားစေရေးမူဝါဒကို အလေးထားပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် အာဆီယံနှင့် ပြင်ပမိတ်ဖက်အဖွဲ့အစည်းများ၏လုပ်ငန်းများနှင့် ဦးဆောင်ဦးရွက်ပြုမှုအားလုံးသည် မြန်မာနိုင်ငံအစိုးရ၏ လုပ်ငန်းစဉ်နှင့် မူဘောင်နှင့်အညီသာ ဖြစ်သင့်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့ပြီး H.E. Dr. KUNG Phoak က ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာ



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ကမ္ဘောဒီးယားနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ရုံးအဖွဲ့ခေါင်းဆောင် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အားလက်ခံတွေ့ဆုံနေမှု**

အာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုကို လေးစားကြောင်း၊ အခြားနိုင်ငံတစ်ခု၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်လိုသည့်ဆန္ဒမပါဘဲ မြန်မာနိုင်ငံအား ကူညီရန် ဖြစ်နိုင်မည့် နည်းလမ်းများကို ရှာဖွေလျက်ရှိကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် အလားတူသမိုင်းနောက်ခံရှိသည့်အတွက် ပြည်တွင်းကိစ္စရပ်များ၏ ရှုပ်ထွေးမှုများကို နားလည်ကြောင်း ပြောကြားခဲ့။

- ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်နှင့် တွေ့ဆုံရာတွင် အာဆီယံက မြန်မာနိုင်ငံသို့ပေးအပ်မည့် လူသားချင်းစာနာမှုအကူအညီများ လက်ခံရယူရေး (Phase 2)နှင့် စပ်လျဉ်း၍ အာဆီယံဥက္ကဋ္ဌဖြစ်သူ ကမ္ဘောဒီးယားနိုင်ငံက မေလတွင် ကျင်းပမည့် ညှိနှိုင်းအစည်းအဝေးဆိုင်ရာကိစ္စ၊ မြန်မာနိုင်ငံအမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှဆောင်ရွက်နေသည့် လူသားချင်းစာနာမှုအကူအညီပေးရေး လုပ်ငန်းရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့။
- နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့်တွေ့ဆုံရာတွင် မြန်မာနိုင်ငံသို့ AHA Centre မှတစ်ဆင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပထမအဆင့် အကောင်အထည်ဖော်ဆောင်မှုအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံမှ အဆိုပြုသည့် အချက်များအပါအဝင် ဒုတိယအဆင့်လူသားချင်းစာနာထောက်ထားမှုအကူအညီများအတွက် ပြင်ဆင်မှုများအပေါ် နှစ်ဖက်အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။
- ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် တွေ့ဆုံရာတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုအခြေအနေ၊ မြန်မာနိုင်ငံအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးဆိုင်ရာကိစ္စ၊ မြန်မာနိုင်ငံ၏လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ပံ့ပိုးဆောင်ရွက်ပေးနိုင်ရေးကိစ္စ၊ မြန်မာနိုင်ငံ၏လက်ရှိအခြေအနေကို ဖြေရှင်းနိုင်ရန် စေ့စပ်ညှိနှိုင်းရေးဆွေးနွေးပွဲများ ကျင်းပနိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့။

တွေ့ဆုံပွဲများသို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများနှင့်အတူ အမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၅-၄-၂၀၂၂)**



AHA Centre မှတစ်ဆင့်လှူဒါန်းမည့် လူသားချင်းစာနာထောက်ထားမှုအကူအညီ စီမံခန့်ခွဲရေးဆိုင်ရာ မြန်မာလုပ်ငန်းအဖွဲ့နှင့် အဖွဲ့ဝင်များက ကမ္ဘောဒီးယားနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ရုံးအဖွဲ့ခေါင်းဆောင် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံနေမှု




အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင် ကမ္ဘောဒီးယားနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ရုံးအဖွဲ့ခေါင်းဆောင် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အားလက်ခံတွေ့ဆုံနေမှု

- တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က မြန်မာနိုင်ငံအနေဖြင့် မည်သူ့ကိုမျှ ချန်လှပ်မထားစေရေး မူဝါဒကို အလေးထားပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် အာဆီယံနှင့် ပြင်ပမိတ်ဖက်အဖွဲ့အစည်းများ၏လုပ်ငန်းများနှင့် ဦးဆောင် ဦးရွက်ပြုမှုအားလုံးသည် မြန်မာနိုင်ငံအစိုးရ၏လုပ်ငန်းစဉ်နှင့် မူဘောင်နှင့်အညီသာ ဖြစ်သင့်ကြောင်း ပြောကြားခဲ့။

- H.E. Dr. KUNG Phoak က ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာနှင့် နယ်မြေ တည်တံ့ခိုင်မြဲမှုကို လေးစားကြောင်း၊ အခြားနိုင်ငံတစ်ခု၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်လိုသည့် ဆန္ဒမပါဘဲ မြန်မာနိုင်ငံအား ကူညီရန် ဖြစ်နိုင်မည့်နည်းလမ်းများကို ရှာဖွေလျက်ရှိကြောင်းပြောကြားခဲ့။

- ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်နှင့် တွေ့ဆုံရာတွင် အာဆီယံက မြန်မာနိုင်ငံသို့ပေးအပ်မည့် လူသားချင်းစာနာမှုအကူအညီများ လက်ခံရယူရေး (Phase 2)နှင့်စပ်လျဉ်း၍ အာဆီယံဥက္ကဋ္ဌဖြစ်သူ ကမ္ဘောဒီးယား နိုင်ငံက မေလတွင်ကျင်းပမည့် ညှိနှိုင်းအစည်းအဝေးဆိုင်ရာကိစ္စ၊ မြန်မာနိုင်ငံအမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှဆောင်ရွက်နေသည့် လူသားချင်းစာနာမှုအကူအညီပေးရေးလုပ်ငန်းရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့။

- ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့်တွေ့ဆုံရာတွင် မြန်မာနိုင်ငံသို့ AHA Centre မှတစ်ဆင့် လူသားချင်း စာနာထောက်ထားမှုအကူအညီများ ပထမအဆင့်အကောင်အထည်ဖော်ဆောင်မှုအပေါ် ပြန်လည်သုံးသပ် ဆွေးနွေးခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံမှ အဆိုပြုသည့်အချက်များအပါအဝင် ဒုတိယအဆင့် လူသားချင်းစာနာ ထောက်ထားမှုအကူအညီများအတွက် ပြင်ဆင်မှုများအပေါ် နှစ်ဖက်အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။

- ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူးနှင့်တွေ့ဆုံရာတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုအခြေအနေ၊ မြန်မာ နိုင်ငံအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးဆိုင်ရာကိစ္စ၊ မြန်မာနိုင်ငံ၏ လက်ရှိငြိမ်း ချမ်းရေးလုပ်ငန်းစဉ်အပေါ် ပံ့ပိုးဆောင်ရွက်ပေးနိုင်ရေးကိစ္စ၊ မြန်မာနိုင်ငံ၏လက်ရှိအခြေအနေကို ဖြေရှင်း နိုင်ရန် စေ့စပ်ညှိနှိုင်းရေးဆွေးနွေးပွဲများ ကျင်းပနိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့။

# အထူးစီးပွားရေးဇုန်များ၏ ပို့ကုန်/ သွင်းကုန်လုပ်ငန်းများ လျင်မြန်ချောမွေ့စေရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်ချောမွေ့စေရေးတို့အတွက် နိုင်ငံခြားငွေကြေး အသုံးပြုခြင်းနှင့်စပ်လျဉ်းသည့် အစည်းအဝေးများကျင်းပ



အထူးစီးပွားရေးဇုန်များ၏ ပို့ကုန်/သွင်းကုန်လုပ်ငန်းများ လျင်မြန်ချောမွေ့စေရေး နိုင်ငံခြားငွေကြေးအသုံးပြုခြင်းနှင့်စပ်လျဉ်းသည့်အစည်းအဝေးကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ဧပြီလ ၂၀ ရက်တွင် Virtual စနစ်ဖြင့်ကျင်းပခဲ့ရာ အစည်းအဝေးတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက-

- ပြည်တွင်းဈေးကွက်အတွင်း စီးပွားရေးလုပ်ငန်းများဆောင်ရွက်ပါက ပြည်တွင်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီများ၊ စက်မှုလုပ်ငန်းရှင်များနှင့် ဘဏ်များအကြား ချိတ်ဆက်၍ လုပ်ငန်းများလျင်မြန်ချောမွေ့စေရန်အတွက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။
- လုပ်ငန်းရှင်များအနေဖြင့် ကုန်ထုတ်လုပ်မှုစာရင်းများကို ပြုစုထားရန်လိုအပ်ပြီး နိုင်ငံခြားသုံးငွေနှင့်ပြည်တွင်းငွေကြေးကို ဥပဒေနှင့်အညီ သုံးစွဲသွားရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းက-

- မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၂၂ နှင့်ပတ်သက်၍ အထူးစီးပွားရေးဇုန်များတွင်ရှိသည့် လုပ်ငန်းရှင်များအနေဖြင့် စိုးရိမ်ပူပန်မှုများရှိခဲ့သော်လည်း အထူးစီးပွားရေးဇုန်ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။
- နိုင်ငံခြားငွေနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်နေသည့်အတိုင်း ဆက်လက်ဆောင်ရွက်နိုင်ပါကြောင်း။
- အခက်အခဲများရှိပါက နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့လည်း တင်ပြနိုင်ပါကြောင်း ပြောကြားခဲ့ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဦးအောင်နိုင်ဦးက-

- နိုင်ငံခြားငွေမရှိသည့်ကုမ္ပဏီများအနေဖြင့် မြန်မာကျပ်ငွေမှ နိုင်ငံခြားငွေသို့ ပြောင်းလဲ၍ ပြည်ပရှိ Supplier သို့ ပေးချေနိုင်ပြီး အဆိုပါငွေပေးချေမှုအတွက် Standard Operating Procedure (SOP)ကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံ

နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက မူကြမ်းပြုစုနေပြီး မကြာမီထုတ်ပြန်သွားမည်ဖြစ်ကြောင်း။

- အထူးစီးပွားရေးဇုန်များရှိ ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီများ၏ နိုင်ငံခြားငွေကြေးအသုံးပြုခြင်းကိစ္စများ လျင်မြန်ချောမွေ့စေရေးအတွက် နိုင်ငံခြားသုံးငွေ ကြီးကြပ်မှုကော်မတီ၏ ဆောင်ရွက်ထားရှိမှုအခြေအနေများကို အထူးစီးပွားရေးဇုန်တွင်ရှိသော လုပ်ငန်းရှင်များသိရှိနိုင်ရန်အတွက် ဆွေးနွေးခြင်းဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်ကျင်းပသည့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့်ညီနောင်အသင်းများ၏ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်ချောမွေ့စေရေးအတွက် နိုင်ငံခြားငွေကြေးအသုံးပြုခြင်းနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက-

- ပို့ကုန်/သွင်းကုန်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိသောကုမ္ပဏီများကုန်သွယ်မှုပြုရန်အလို့ငှာ ပို့ကုန်/သွင်းကုန်လိုင်စင်များကို ခွင့်ပြုထုတ်ပေးလျက်ရှိပါကြောင်း။
- အချက်အလက်များပေါ်မူတည်၍ ဗဟိုဘဏ်နှင့်သက်ဆိုင်သည့် ငွေပေးချေမှုများ၊ ငွေထုတ်ယူရာတွင် အခက်အခဲဖြစ်သည့်ကိစ္စရပ်များကို ဖြေရှင်းရာတွင် ဦးစားပေးအုပ်စုအလိုက် အုပ်စု(၅)စုခွဲ၍ ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။
- ဝန်ကြီးဌာနများ၏ ဆောင်ရွက်မှုဖြစ်သော်လည်း Private Sector၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုတို့နှင့်ဆိုင်သည့် ပုဂ္ဂိုလ်များအပါအဝင် သက်ဆိုင်သည့်သူများအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

တက်ရောက်လာကြသည့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများက ဝိုင်းဝန်းဆွေးနွေးတင်ပြခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးများ၊ ဗဟိုဘဏ်ဥက္ကဋ္ဌတို့က ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၁-၄-၂၀၂၂)**

- **လုပ်ငန်းရှင်များအနေဖြင့် ကုန်ထုတ်လုပ်မှုစာရင်းများကို ပြုစုထားရန်လိုအပ်ပြီး နိုင်ငံခြားသုံးငွေနှင့် ပြည်တွင်းငွေကြေးကို ဥပဒေနှင့်အညီ သုံးစွဲသွားရမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ပွင့်ဆန်းကဆွေးနွေးခဲ့။**
- **မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၂၂ နှင့်ပတ်သက်၍ အထူးစီးပွားရေးဇုန်များတွင်ရှိသည့် လုပ်ငန်းရှင်များအနေဖြင့် စိုးရိမ်ပူပန်မှုများရှိခဲ့သော်လည်း အထူးစီးပွားရေးဇုန်ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းကပြောကြားခဲ့။**
- **နိုင်ငံခြားငွေမရှိသည့်ကုမ္ပဏီများအနေဖြင့် မြန်မာကျပ်ငွေမှ နိုင်ငံခြားငွေသို့ပြောင်းလဲ၍ ပြည်ပရှိ Supplier သို့ပေးချေနိုင်ပြီး အဆိုပါငွေပေးချေမှုအတွက် Standard Operating Procedure (SOP)ကို ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက မူကြမ်းပြုစုနေပြီး မကြာမီထုတ်ပြန်သွားမည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ဆွေးနွေးခဲ့။**
- **အချက်အလက်များပေါ်မူတည်၍ ဗဟိုဘဏ်နှင့်သက်ဆိုင်သည့် ငွေပေးချေမှုများ၊ ငွေထုတ်ယူရာတွင် အခက်အခဲဖြစ်သည့်ကိစ္စရပ်များကို ဖြေရှင်းရာတွင် ဦးစားပေးအုပ်စုအလိုက် အုပ်စု(၅)စုခွဲ၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက ဆွေးနွေးခဲ့။**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ကျေးလက်ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (CIRDAP) ၏ (၂၃) ကြိမ်မြောက် အုပ်ချုပ်မှုကောင်စီ အစည်းအဝေးသို့တက်ရောက်




အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ကျေးလက်ဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (Center on Integrated Rural Development for Asia and the Pacific – CIRDAP) ၏ (၂၃) ကြိမ်မြောက်အုပ်ချုပ်မှုကောင်စီအစည်းအဝေး (23rd Governing Council (GC–23) Meeting) ကို ဧပြီလ ၂၁ ရက်တွင် ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်တာဝန်ယူ၍ Virtual စနစ်ဖြင့်ကျင်းပရာ (၂၃)ကြိမ်မြောက် အုပ်ချုပ်မှုကောင်စီ၏အဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ထိုင်းနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့်သမဝါယမဝန်ကြီးဌာနမှ Advisor of the Minister Mr. Alongkorn Polabutr က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး CIRDAP ၏ (၂၃)ကြိမ်မြောက် အုပ်ချုပ်မှုကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက–


- ကျေးလက်နေ ပြည်သူလူထု၏ ဝင်ငွေတိုးတက်မြင့်မားရေး၊ ဆင်းရဲမှုလျော့ပါးရေး၊ လူမှုစီးပွားအဆင့်အတန်းမြင့်မားရေးတို့အတွက် ဘဏ္ဍာနှစ်အလိုက် တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း။
- ကိုဗစ်–၁၉ ရောဂါ၏ အကျိုးဆက်များကြောင့် ကျေးလက်ဒေသစီးပွားရေးအပေါ် ထိခိုက်မှုများလျော့ပါးစေရေး၊ ကိုဗစ်–၁၉ ရောဂါကာလနောက်ပိုင်း ပြန်လည်ထူထောင်နိုင်ရေး၊ ကျေးလက်ဒေသပြုပြင်ပြောင်းလဲရေးတို့တွင် ဒစ်ဂျစ်တယ်ဆက်သွယ်ရေးနည်းပညာကို ထိရောက်တွင်ကျယ်စွာ အသုံးပြုရေးဆိုင်ရာ CIRDAP အဖွဲ့၏ လုပ်ငန်းစဉ်များ၌ အခြားအဖွဲ့ဝင်နိုင်ငံများနှင့် အတွေ့အကြုံများဖလှယ်ပြီး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ၁၉၇၅ ခုနှစ်မှစတင်၍ အဖွဲ့ဝင်အဖြစ် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပြီး အထက်ပါအစည်းအဝေးသို့ အာဖဂန်နစ္စတန်နိုင်ငံမှအပ ကျန်အဖွဲ့ဝင်နိုင်ငံများသည့် ဘင်္ဂလားဒေ့ရှ်၊ မြန်မာ၊ လာအို၊ နီပေါ၊ ဖိလစ်ပိုင်၊ သီရိလင်္ကာ၊ ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ အီရန်၊ အိန္ဒိယ၊ ပါကစ္စတန်နှင့် ဖီဂျီနိုင်ငံတို့စုံညီစွာ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

(မြဝတီသတင်းစာ ၂၂–၄–၂၀၂၂)

- ကျေးလက်နေပြည်သူလူထု၏ ဝင်ငွေတိုးတက်မြင့်မားရေး၊ ဆင်းရဲမှုလျော့ပါးရေး၊ လူမှုစီးပွားအဆင့်အတန်း မြင့်မားရေးတို့အတွက် ဘဏ္ဍာနှစ်အလိုက် တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း။
- ကိုဗစ်-၁၉ ရောဂါ၏ အကျိုးဆက်များကြောင့် ကျေးလက်ဒေသစီးပွားရေးအပေါ် ထိခိုက်မှုများလျော့ပါးစေရေး၊ ကိုဗစ်-၁၉ ရောဂါကာလနောက်ပိုင်း ပြန်လည်ထူထောင်နိုင်ရေး၊ ကျေးလက်ဒေသပြုပြင်ပြောင်းလဲရေးတို့တွင် ဒစ်ဂျစ်တယ်ဆက်သွယ်ရေးနည်းပညာကို ထိရောက်တွင်ကျယ်စွာ အသုံးပြုရေးဆိုင်ရာ CIRDAP အဖွဲ့၏ လုပ်ငန်းစဉ်များ၌ အခြားအဖွဲ့ဝင်နိုင်ငံများနှင့် အတွေ့အကြုံများဖလှယ်ပြီး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်။

## ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး တတိယအကြိမ်မြောက် ဘင်းမ်စတက် စွမ်းအင်ဝန်ကြီးများ အစည်းအဝေးသို့ပါဝင်တက်ရောက်






တတိယအကြိမ်မြောက် ဘင်းမ်စတက်စွမ်းအင်ဝန်ကြီးများအစည်းအဝေး(Third BIMSTEC Energy Minister's Meeting)ကို ဧပြီလ ၂၁ ရက်တွင် နီပေါနိုင်ငံက အိမ်ရှင်အဖြစ် ကြီးမှူးကျင်းပခဲ့ရာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဦးအောင်သန်းဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့မှ Virtual စနစ်ဖြင့် တက်ရောက်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးတွင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာ၊ ထိုင်းနိုင်ငံတို့မှ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာဝန်ကြီးများက-

- မိမိတို့နိုင်ငံအလိုက် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များ၊ လျှပ်စစ်ဓာတ်အားစနစ်ချိတ်ဆက်မှုလုပ်ငန်းဆိုင်ရာ Master Plan ရေးဆွဲရေး လေ့လာဆောင်ရွက်နေမှုလုပ်ငန်းများ။
- BIMSTEC Energy Center ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအကြား နယ်စပ်ဖြတ်ကျော် သဘာဝဓာတ်ငွေ့နှင့် ဓာတ်အားရောင်းဝယ်ရေးလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။
- တတိယ၊ စတုတ္ထနှင့် ပဉ္စမအကြိမ် ဘင်းမ်စတက် စွမ်းအင်အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး ဆုံးဖြတ်ချက်များကိုအတည်ပြုခြင်း၊ ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများမှ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာဝန်ကြီးများအကြား ပူးတွဲကြေညာချက်ထုတ်ပြန်ခြင်းများ ဆောင်ရွက်ခဲ့။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်စင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး (၄)ကြိမ်မြောက် ဘင်းမ်စတက်စွမ်းအင်ဝန်ကြီးများ အစည်းအဝေးကို ၂၀၂၄ ခုနှစ်တွင် အိန္ဒိယနိုင်ငံကအိမ်ရှင်အဖြစ်လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၁-၄-၂၀၂၂)**

- တတိယအကြိမ်မြောက် ဘင်းမ်စတက်စွမ်းအင်ဝန်ကြီးများအစည်းအဝေးကို နီပေါနိုင်ငံက အိမ်ရှင်အဖြစ် ကြီးမှူးကျင်းပခဲ့ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့မှ Virtual စနစ်ဖြင့် တက်ရောက်ခဲ့။
- (၄)ကြိမ်မြောက် ဘင်းမ်စတက်စွမ်းအင်ဝန်ကြီးများအစည်းအဝေးကို ၂၀၂၄ ခုနှစ်တွင် အိန္ဒိယနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်။

## ၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် စီမံချက်ရေးဆွဲပြီး စီစဉ်ဆောင်ရွက်လျက်ရှိ



၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်၌ အတည်ပြုထုတ်ပြန်ခဲ့သော လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေ ပုဒ်မ-၃ အရ ဗဟိုသန်းခေါင်စာရင်းကော်မရှင်နှင့် ဗဟိုသန်းခေါင်စာရင်းကော်မတီဖွဲ့စည်းနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီလ ၂၁ ရက်တွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးဦးခင်ရီက-

- မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခဲ့ပြီးဖြစ်သဖြင့် နောက်တစ်ကြိမ်သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ်တွင် ကောက်ယူရန် အလှည့်ကျပြီဖြစ်ကြောင်း။
- ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကို ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်း၊ စာရင်းကောက်ယူခြင်းလုပ်ငန်း၊ စာရင်းဇယားပြုစုခြင်းလုပ်ငန်း၊ ဆန်းစစ်လေ့လာခြင်းနှင့် အစီရင်ခံစာထုတ်ပြန်ခြင်းလုပ်ငန်းစသည့်လုပ်ငန်းစဉ် (၄)ရပ်ဖြင့် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလအထိ ၅၁ လ ခန့်ဖြင့် လျာထားဆောင်ရွက်လျက်ရှိကြောင်း။
- လက်ရှိနိုင်ငံတော်အစိုးရ တာဝန်ယူစဉ်ကာလအတွင်း ပထမအဆင့်ဖြစ်သည့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းအတွက် လုပ်ငန်းစဉ်အဆင့် (၈)ဆင့်ရှိသည့်အနက် အဆင့်(၅)ဆင့်ဖြစ်သည့် အခြေခံဒေသစာရင်းများပြုစုခြင်း၊ သန်းခေါင်စာရင်းလုပ်ငန်းအသေးစိတ်စီမံချက်ရေးဆွဲခြင်း၊ သန်းခေါင်စာရင်းကော်မရှင်နှင့် ကော်မတီအဆင့်ဆင့်ဖွဲ့စည်းခြင်း၊ GIS နည်းပညာအသုံးပြု၍ မြေပုံရေးဆွဲပြုစုခြင်း၊ စာရင်းကောက်ကွက်များဖွဲ့စည်းခြင်း၊ မေးခွန်းပုံစံနှင့် လက်စွဲစာစောင်များပြုစုခြင်းတို့ကို လုပ်ငန်းအချိန်ဇယားရေးဆွဲကာ ပထမဦးစွာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်သူ့အင်အားဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရန် စီမံဆောင်ရွက်ထားရှိမှုနှင့် ဗဟိုသန်းခေါင်စာရင်းကော်မရှင်နှင့် ကော်မတီတို့၏ဖွဲ့စည်းထားရှိမှု (မူကြမ်း)ရေးဆွဲထားရှိမှုတို့ကို ရှင်းလင်းတင်ပြခဲ့ရာ တက်ရောက်လာကြသည့် တာဝန်ရှိသူများက ဌာနအလိုက် ပံ့ပိုးဆောင်ရွက်ပေးမည့်အစီအစဉ်များကို အကြံပြုဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၂-၄-၂၀၂၂)**

- မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူခဲ့ပြီးဖြစ်သဖြင့် နောက်တစ်ကြိမ် သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ်တွင် ကောက်ယူရန် အလှည့်ကျပြီဖြစ်။
- ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကို ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်း၊ စာရင်းကောက်ယူခြင်းလုပ်ငန်း၊ စာရင်းဇယားပြုစုခြင်းလုပ်ငန်း၊ ဆန်းစစ်လေ့လာခြင်းနှင့် အစီရင်ခံစာထုတ်ပြန်ခြင်းလုပ်ငန်းစသည့် လုပ်ငန်းစဉ်(၄)ရပ်ဖြင့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလအထိ ၅၁ လခန့်ဖြင့် လျာထားဆောင်ရွက်လျက်ရှိ။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် ကမ္ဘာ့ခရီးသွားလုပ်ငန်းကောင်စီ၏ (၂၁)ကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာခရီးသွားလုပ်ငန်း ညီလာခံသို့တက်ရောက်




ဖိလစ်ပိုင်နိုင်ငံ ခရီးသွားလာရေးဝန်ကြီးဌာန၏ဦးဆောင်မှု၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းကောင်စီ(World Travel and Tourism Council-WTTC)၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် (၂၁)ကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာခရီးသွားလုပ်ငန်းညီလာခံအား ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့၌ ဧပြီလ ၂၂ ရက်မှ ၂၃ ရက်ထိကျင်းပခဲ့ရာ မြန်မာနိုင်ငံ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်နှင့် တာဝန်ရှိသူများက Video Conferencing စနစ်ဖြင့် တက်ရောက်ခဲ့ကြပါသည်။

ညီလာခံပထမနေ့တွင် ခရီးသွားလုပ်ငန်းများရပ်တန့်ရာမှ ပြန်လည်စတင်နိုင်မည့် လမ်းကြောင်းအသစ်များဖော်ထုတ်ခြင်းနှင့်စပ်လျဉ်း၍ ကမ္ဘာ့ခရီးသွားလုပ်ငန်းကောင်စီ၊ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းကောင်စီဥက္ကဋ္ဌ၊ ဖိလစ်ပိုင်နိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီးနှင့် တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြပြီး ညီလာခံဒုတိယနေ့၌ အနာဂတ်ကာလတွင် ခရီးသွားလုပ်ငန်းများ ရေရှည်တိုးတက်စေရေးခေါင်းစဉ်အပေါ် နိုင်ငံတကာမှ ခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များနှင့် တာဝန်ရှိသူများက ပါဝင်ဆွေးနွေးခဲ့ကြပါသည်။

ခရီးသွားအရင်းအမြစ်နှင့် ခရီးသွားဆွဲဆောင်မှုများ ကြွယ်ဝသော မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာမှခရီးသည်များကို ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လာရောက်လည်ပတ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိရာ ဤကမ္ဘာလုံးဆိုင်ရာခရီးသွားကွန်ဖရင့်မှ ဖော်ထုတ်ဆွေးနွေးချက်များကို ရယူပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် အနာဂတ်ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်စေရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၃-၄-၂၀၂၂)**

- (၂၁)ကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာခရီးသွားလုပ်ငန်းညီလာခံသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်နှင့် တာဝန်ရှိသူများက Video Conferencing စနစ်ဖြင့် တက်ရောက်ခဲ့။
- ခရီးသွားအရင်းအမြစ်နှင့် ခရီးသွားဆွဲဆောင်မှုများကြွယ်ဝသော မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာမှခရီးသည်များကို ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လာရောက်လည်ပတ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိရာ ဤကမ္ဘာလုံးဆိုင်ရာခရီးသွားကွန်ဖရင့်မှ ဖော်ထုတ်ဆွေးနွေးချက်များကို ရယူပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် အနာဂတ်ခရီးသွားလုပ်ငန်းရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်စေရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်။

## တပ်မတော်ဆေးတက္ကသိုလ်၏ (၉)ကြိမ်မြောက်၊ (၁၀)ကြိမ်မြောက်နှင့် (၁၁)ကြိမ်မြောက် ဘွဲ့လွန်ဘွဲ့နှင်းသဘင်အခမ်းအနားများကျင်းပ




တပ်မတော်ဆေးတက္ကသိုလ်၏ (၉)ကြိမ်မြောက်နှင့် (၁၀)ကြိမ်မြောက် ဘွဲ့လွန်ဘွဲ့နှင်းသဘင်အခမ်းအနားကို ဧပြီလ ၂၃ ရက်နှင့် (၁၁)ကြိမ်မြောက် ဘွဲ့လွန်ဘွဲ့နှင်းသဘင်အခမ်းအနားကို ဧပြီလ ၂၄ ရက်တို့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီး၊ တပ်မတော်ဆေးတက္ကသိုလ်ပါမောက္ခချုပ်နှင့် တပ်မတော်ဆေးတက္ကသိုလ်မှ ပညာရေးအဖွဲ့ဝင်များ၊ ဘွဲ့အပ်နှင်းခံရမည့်အရာရှိများနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ ဘွဲ့နှင်းသဘင်သုံးရပ်တွင် ပါမောက္ခချုပ်က ပါရဂူဘွဲ့ ၁၀၃ ဦး၊ ဆေးပညာမဟာသိပ္ပံဘွဲ့ ၁၁၂ ဦး၊ ဆေးပညာသင်ကြားရေးဘွဲ့လွန်ဒီပလိုမာဘွဲ့ ၅၆ ဦး၊ ဆေးပညာဘွဲ့လွန်ဒီပလိုမာဘွဲ့ ၄၅ ဦး၊ စုစုပေါင်း ၃၁၆ ဦးတို့အား ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းခဲ့ပြီး အွန်လိုင်းစနစ်ဖြင့် ဘွဲ့ယူမည့်ပါရဂူဘွဲ့ သုံးဦး၊ ဆေးပညာမဟာသိပ္ပံဘွဲ့ ၃၀၇ ဦး၊ ဆေးပညာသင်ကြားရေးဘွဲ့လွန်ဒီပလိုမာဘွဲ့ ၃၁ ဦး၊ ဆေးပညာဘွဲ့လွန်ဒီပလိုမာဘွဲ့ ၇၇ ဦး၊ စုစုပေါင်း ၄၁၈ ဦးတို့အား ဘွဲ့ချီးမြှင့်အပ်နှင်းခဲ့ပါသည်။

တပ်မတော်ဆေးတက္ကသိုလ်အနေဖြင့် ယနေ့အချိန်အထိ ဆေးပညာမဟာသိပ္ပံဘွဲ့ ၂၄၉၀ ဦး၊ ဆေးလက်တွေ့နှင့် ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့ ၂၀၇ ဦး၊ ဆေးပညာသင်ကြားရေးဘွဲ့လွန်ဒီပလိုမာ ၂၆၈ ဦး၊ ဆေးပညာဘွဲ့လွန်ဒီပလိုမာ ၂၆၉ ဦးတို့အား ဘွဲ့များပေးအပ်ချီးမြှင့်ခဲ့ပြီးဖြစ်ပါသည်။ လက်ရှိဆေးပညာမဟာသိပ္ပံဘွဲ့လွန် အမှတ်စဉ် (၂၇)တွင် သင်တန်းသားအရာရှိ ၅၈ ဦး၊ အမှတ်စဉ် (၂၈)တွင် သင်တန်းသားအရာရှိ ၂၀၁ ဦး၊ အမှတ်စဉ် (၂၉)တွင် သင်တန်းသားအရာရှိ ၃၀၄ ဦး၊ စုစုပေါင်းဘွဲ့လွန်သင်တန်းသားအရာရှိ ၅၆၃ ဦး သင်တန်းတက်ရောက်နေဆဲဖြစ်ကြောင်း သိရှိရပါသည်။

**မြဝတီသတင်းစာ(၂၅-၄-၂၀၂၂)**




ဘွဲ့လွန်ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးနေမှု

- **တပ်မတော်ဆေးတက္ကသိုလ်၏ (၉)ကြိမ်မြောက်၊ (၁၀)ကြိမ်မြောက်နှင့် (၁၁)ကြိမ်မြောက် ဘွဲ့လွန်ဘွဲ့နှင်းသဘင် အခမ်းအနားများတွင် ပါမောက္ခချုပ်က ဘွဲ့ရရှိမည့်သူ စုစုပေါင်း ၃၁၆ ဦးတို့အား ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းခဲ့ပြီး အွန်လိုင်းစနစ်ဖြင့် ဘွဲ့ယူမည့်သူ စုစုပေါင်း ၄၁၈ ဦးတို့အား ဘွဲ့များချီးမြှင့်အပ်နှင်းခဲ့။**
- **တပ်မတော်ဆေးတက္ကသိုလ်အနေဖြင့် ယနေ့အချိန်အထိ ဆေးပညာမဟာသိပ္ပံ ဘွဲ့ ၂၄၉၀ ဦး၊ ဆေးလက်တွေ့နှင့် ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့ ၂၀၇ ဦး၊ ဆေးပညာသင်ကြားရေးဘွဲ့လွန်ဒီပလိုမာ ၂၆၈ ဦး၊ ဆေးပညာဘွဲ့လွန် ဒီပလိုမာ ၂၆၉ ဦးတို့အား ဘွဲ့များပေးအပ်ချီးမြှင့်ခဲ့ပြီးဖြစ်။**

# (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ခင်းကျင်းပြသရောင်းချလျက်ရှိ

(၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဧပြီလ ၂၂ ရက်မှစတင်၍ ၂၈ ရက်အထိ ခင်းကျင်းပြသရောင်း ချသွားမည်ဖြစ်ပြီး ပြပွဲတွင် ပုလဲအတွဲပေါင်း ၃၃၀ တွဲ၊ ကျောက် မျက်အတွဲ ၁၂၀ တွဲနှင့် ကျောက်စိမ်းအတွဲပေါင်း အတွဲ ၂,၀၀၀ တွဲ တို့ကို ပြည်တွင်းပြည်ပရတနာကုန်သည်များအား အိတ်ဖွင့် တင်ဒါစနစ်ဖြင့် စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ရောင်းချပေးလျက်ရှိပါသည်-

- ဧပြီလ ၂၃ ရက်တွင် ပုလဲတင်ဒါအမှတ် (၁) မှ ၁၁၀ တွဲ၊ တင်ဒါအမှတ် (၂) မှ ၁၁၀ တွဲ စုစုပေါင်းပုလဲအတွဲ ၂၂၀ တွဲ ကို ရောင်းချနိုင်ခဲ့။
- ဧပြီလ ၂၄ ရက်တွင် ပုလဲတင်ဒါအမှတ် (၃) မှ ပုလဲအတွဲ ၁၁၀ တွဲကို ရောင်းချနိုင်ခဲ့။

ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများ ဝယ် ယူရာတွင် ပုလဲအတွဲများကို အမေရိကန်ဒေါ်လာဖြင့် ကြမ်းခင်း ဈေးသတ်မှတ်ထားရှိပြီး ငွေပေးချေရာတွင် ပြည်ပရတနာကုန် သည်များက အမေရိကန်ဒေါ်လာ၊ ယွမ်ငွေတို့ဖြင့်လည်းကောင်း၊ ပြည်တွင်းရတနာကုန်သည်များက အမေရိကန်ဒေါ်လာ၊ ယွမ်၊ ကျပ်ငွေတို့ဖြင့်လည်းကောင်း ပေးချေနိုင်ကြောင်း၊ ကျောက်မျက်၊ ကျောက်စိမ်းအတွဲများကို ယူရိုငွေဖြင့် ကြမ်းခင်းဈေးသတ်မှတ် ထားရှိပြီး ရတနာကုန်သည်များက အမေရိကန်ဒေါ်လာ၊ ယူရို၊ ယွမ်ငွေတို့ဖြင့် ပေးချေနိုင်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၅-၄-၂၀၂၂)**

## (၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ခင်းကျင်းပြသရောင်းချနေသည့် မှတ်တမ်းဓာတ်ပုံများ





- (၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဧပြီလ ၂၂ ရက်မှစတင်၍ ၂၈ ရက်အထိ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်။
- ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများ ဝယ်ယူရာတွင် ပြည်ပရတနာကုန်သည်များက အမေရိကန်ဒေါ်လာ၊ ယွမ်ငွေတို့ဖြင့်လည်းကောင်း၊ ပြည်တွင်းရတနာကုန်သည်များက အမေရိကန်ဒေါ်လာ၊ ယွမ်၊ ကျပ်ငွေတို့ဖြင့်လည်းကောင်း ပေးချေနိုင်။

# (၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ခင်းကျင်းပြသရောင်းချနေသည့် မှတ်တမ်းဓာတ်ပုံများ
















# မလေးရှားနိုင်ငံမှ လှူဒါန်းသည့် Astrazeneca ကိုဗစ်ကာကွယ်ဆေးများ မြန်မာနိုင်ငံသို့ရောက်ရှိ




မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တားဆီး၊ ကာကွယ်ရေးအတွက် မလေးရှားနိုင်ငံမှ လှူဒါန်းသည့် Astrazeneca ငါးသိန်းသည် ဧပြီလ ၂၀ ရက်တွင် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူလေဆိပ်မှတစ်ဆင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ပြီး တာဝန်ရှိသူများက အသီးသီးလွှဲပြောင်းလက်ခံခဲ့ပါသည်။

အဆိုပါဆေးများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သတ်မှတ်ထားသည့် ဦးတည်အုပ်စုအလိုက် ပြည်သူ့ဆေးရုံများနှင့် ကာကွယ်ဆေးထိုးစုရပ်များ၌ National Deployment Plan အရ ဆက်လက်ထိုးနှံပေးလျက်ရှိပါသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဝယ်ယူခြင်းမှ COVISHIELD ၁၅ ဒသမ ၄ သန်း၊ Sinopharm ၂၆ ဒသမ ၇ သန်း၊ Sinovac ၃ သန်း၊ Sputnik-V ၀ ဒသမ ၆ သန်းဖြင့် စုစုပေါင်း ၄၅ ဒသမ ၇ သန်း၊ လှူဒါန်းမှုမှ COVISHIELD ၂ ဒသမ ၆ သန်း၊ Sinopharm ၃ ဒသမ ၅ သန်း၊ Sinovac ၉ ဒသမ ၂ သန်း၊ Covaxin ၃ ဒသမ ၂ သန်း၊ Astrazeneca ၁ ဒသမ ၅ သန်း၊ Sputnik-V ၀ ဒသမ ၄ သန်းဖြင့် စုစုပေါင်း ၂၀ ဒသမ ၄ သန်းရရှိခဲ့ရာ စုစုပေါင်း ၆၆ ဒသမ ၁ သန်းခန့်ရရှိခဲ့ပြီးဖြစ်ပါသည်။

**(မြဝတီသတင်းစာ ၂၁-၄-၂၀၂၂)**

- **ဧပြီလ ၂၀ ရက်တွင် မလေးရှားနိုင်ငံမှ လှူဒါန်းသော Astrazeneca ကိုဗစ်-၁၉ ကာကွယ်ဆေးငါးသိန်းသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့။**
- **ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဝယ်ယူခြင်းမှ စုစုပေါင်း ၄၅ ဒသမ ၇ သန်းနှင့် လှူဒါန်းမှုမှ စုစုပေါင်း ၂၀ ဒသမ ၄ သန်း ရရှိခဲ့ရာ စုစုပေါင်း ၆၆ ဒသမ ၁ သန်းခန့်ရရှိခဲ့ပြီးဖြစ်။**

# အိန္ဒိယအစိုးရက မြန်မာနိုင်ငံသို့လှူဒါန်းသည့် ဆန်နှင့်ဂျုံတို့ကို သိုလှောင်ရုံများအတွင်း စနစ်တကျထားရှိ၍ ပြည်သူများ၏ လက်ဝယ်အရောက်ဖြန့်ဝေပေးနိုင်ရေးဆောင်ရွက်



အိန္ဒိယအစိုးရက မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုအထောက်အပံ့အဖြစ်လှူဒါန်းသည့် ဆန်နှင့်ဂျုံအိတ်များကို သိုလှောင်ရုံများအတွင်း၌ စနစ်တကျထားရှိမှုနှင့် ပြည်သူများ၏လက်ဝယ်အရောက် ထောက်ပံ့ပေးနေမှုများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်-

- ဧပြီလ ၂၀ ရက်တွင် ဒလမြို့နယ်အတွင်းရှိ ညောင်ကုန်းရပ်ကွက်၊ အောင်မင်္ဂလာရပ်ကွက်နှင့် ကျေးရွာ ၂၁ ရွာတို့မှ ဒေသခံပြည်သူအိမ်ထောင်စု ၁၁,၂၁၄ စုအတွက် ဆန်အိတ် ၁၁,၂၁၄ အိတ်နှင့် ဂျုံအိတ် ၂၇၇ အိတ်အားလည်းကောင်း။
- ဧပြီလ ၂၁ ရက်တွင် ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ရပ်ကွက်(၉)ခုရှိ ဒေသခံပြည်သူအိမ်ထောင်စု ၂,၄၂၅ စုအတွက် ဆန်အိတ် ၂,၄၂၅ အိတ်နှင့် ဂျုံအိတ် ၆၀ အိတ်အားလည်းကောင်း ဖြန့်ဝေပေးခဲ့။
- ဧပြီလ ၂၂ ရက်တွင် လှိုင်သာယာမြို့နယ်အရှေ့ပိုင်းနှင့် အနောက်ပိုင်းမြို့နယ်များရှိ ပြည်သူများ၏လက်ဝယ်အရောက် ဖြန့်ဝေပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေမှုများအားလည်းကောင်း။
- ဧပြီလ ၂၃ ရက်တွင် သာကေတမြို့နယ်နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ပြည်သူများထံသို့ လက်ဝယ်အရောက်ထောက်ပံ့ပေးနေမှုများအားလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

အိန္ဒိယအစိုးရက လှူဒါန်းသည့် ဆန်နှင့်ဂျုံအိတ်များကို ဧပြီလ ၂၀ ရက်မှ ၂၃ ရက် အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ မြို့နယ် ၅ မြို့နယ်ရှိ ပြည်သူများထံသို့ တာဝန်ရှိသူများက လက်ဝယ်အရောက် ဖြန့်ဝေပေးလျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၄-၄-၂၀၂၂)**

- **အိန္ဒိယအစိုးရက လှူဒါန်းသည့် ဆန်နှင့်ဂျုံအိတ်များကို သိုလှောင်ရုံများတွင် စနစ်တကျထားရှိမှုနှင့် ပြည်သူများ၏ လက်ဝယ်အရောက်ထောက်ပံ့ပေးနေမှုများကို တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့။**
- **ဆန်နှင့်ဂျုံအိတ်များကို ဧပြီလ ၂၀ ရက်မှ ၂၃ ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ မြို့နယ် ၅ မြို့နယ်ရှိ ပြည်သူများထံသို့ လက်ဝယ်အရောက်ဖြန့်ဝေပေးလျက်ရှိ။**

**အိန္ဒိယအစိုးရက မြန်မာနိုင်ငံသို့လှူဒါန်းသည့် ဆန်နှင့်ဂျုံတို့ကို သိုလှောင်ရုံများအတွင်း စနစ်တကျထားရှိ၍ ပြည်သူများ၏ လက်ဝယ်အရောက်ဖြန့်ဝေပေးနိုင်ရေးဆောင်ရွက်နေသည့် မှတ်တမ်းဓာတ်ပုံများ**











# ပင်လည်ဘူးမြို့တွင် PDF အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်မှုများကြောင့် လုံခြုံစိတ်ချရသောနေရာများတွင် နေထိုင်လျက်ရှိသော ဌာနဆိုင်ရာဝန်ထမ်းများကို စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများ ထောက်ပံ့ပေးအပ်



**စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်က ပင်လည်ဘူးမြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများ ထောက်ပံ့ပေးအပ်နေမှု**

စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ်အတွင်း NLD ပါတီထောက်ခံသူ အစွန်းရောက်အကြမ်းဖက်အဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့များ၏ ဥပဒေမဲ့ခြိမ်းခြောက်၊ လူသတ်၊ မီးရှို့၊ မိုင်းထောင်ဖောက်ခွဲမှုများကြောင့် ထွက်ပြေးတိမ်းရှောင်ပြီး လုံခြုံစိတ်ချရသောနေရာများတွင် နေထိုင်လျက်ရှိသော ဌာနဆိုင်ရာဝန်ထမ်းများကို နေထိုင်စားသောက်မှုအဆင်ပြေစေရန်နှင့် ၎င်းတို့၏ဒေသများတွင် ပြန်လည်နေထိုင်နိုင်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဧပြီလ ၂၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့က အဆိုပါတိမ်းရှောင်နေသည့်ဌာနဆိုင်ရာဝန်ထမ်းများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားခဲ့ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းသည့် ငွေကျပ်သိန်း ၃၀၀၊ ငါးခြောက်သုံးအိတ်၊ ငါးသေတ္တာငါးဖာ၊ ခေါက်ဆွဲခြောက် ၁၄ ဖာ၊ ကြာဆံ ၁၄ ဖာ၊ ကော်ဖီမစ်ထုပ်များနှင့် ဆေးမျိုးစုံတစ်ဖာနှင့် တိုင်းစစ်ဌာနချုပ်မှ လှူဒါန်းသည့် Royal D ဖာ ၃၀၊ ငါးခြောက် ပိဿာ ၃၀၊ ခေါက်ဆွဲခြောက်ဖာ ၄၀၊ ကြက်ဥအလုံး ၁၀၀၀၊ ငါးပိအထုပ် ၁၀၀ နှင့် ရေဆူဆေးပြားဘူး ၃၀ တို့ကို ထောက်ပံ့ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

**(မြဝတီသတင်းစာ ၂၄-၄-၂၀၂၂)**

- **စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ်အတွင်း NLD ပါတီထောက်ခံသူ အစွန်းရောက်အကြမ်းဖက်အဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့များ၏ ဥပဒေမဲ့ခြိမ်းခြောက်၊ လူသတ်၊ မီးရှို့၊ မိုင်းထောင်ဖောက်ခွဲမှုများကြောင့် ထွက်ပြေးတိမ်းရှောင်ပြီး လုံခြုံစိတ်ချရသောနေရာများတွင် နေထိုင်လျက်ရှိသော ဌာနဆိုင်ရာဝန်ထမ်းများကို နေထိုင်စားသောက်မှုအဆင်ပြေစေရန်နှင့် ၎င်းတို့၏ဒေသများတွင် ပြန်လည်နေထိုင်နိုင်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိ။**
- **တာဝန်ရှိသူများက အဆိုပါ တိမ်းရှောင်နေသည့် ဌာနဆိုင်ရာဝန်ထမ်းများအား ငွေကျပ်သိန်း ၃၀၀၊ ငါးခြောက်သုံးအိတ်နှင့် ပိဿာ ၃၀၊ ငါးသေတ္တာငါးဖာ၊ ခေါက်ဆွဲခြောက် ၅၄ ဖာ၊ ကြာဆံ ၁၄ ဖာ၊ ကော်ဖီမစ်ထုပ်များ၊ ဆေးမျိုးစုံတစ်ဖာနှင့် Royal D ဖာ ၃၀၊ ရေဆူဆေးပြားဘူး ၃၀၊ ကြက်ဥအလုံး ၁၀၀၀ နှင့် ငါးပိအထုပ် ၁၀၀ တို့ကို ထောက်ပံ့ပေးအပ်ကာ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့။**

# PDF အကြမ်းဖက်အဖွဲ့ထောင်ထားသည့် လက်လုပ်မိုင်းပေါက်ကွဲ၍ ကိုရင်ငယ် ၂ ပါးသေဆုံးကာ ကိုရင်ငယ် ၁ ပါးဒဏ်ရာရရှိ



**PDF အကြမ်းဖက်သမားများထောင်ထားသည့် လက်လုပ်မိုင်းပေါက်ကွဲခဲ့မှုကြောင့် ကိုရင်ငယ် ၁ ပါးဒဏ်ရာရရှိခဲ့သဖြင့် ဆေးကုသမှုခံယူနေမှု**

ဧပြီလ ၂၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားတောင်မြို့၊ မြင်းကြွရပ်ကွက်နေ ရှင်ပညာနန္ဒ(ခ)ပိုင်သူချစ် (၁၃) နှစ်၊ ရှင်သောနန္ဒ(ခ) ဟိန်းဝေယံ(၁၁)နှစ်နှင့် သိမ်းချောင်းကျေးရွာနေ ရှင်ဓမ္မနန္ဒ(ခ)ဖြိုးမောင်မောင် (၁၀)နှစ်တို့သည် သိမ်းချောင်းကျေးရွာအတွင်း ဆွမ်းခံ၍ ၎င်းတို့သီတင်းသုံးနေထိုင်သည့် စန္ဒာရုံဘုန်းတော်ကြီးကျောင်းသို့ ခြေလျင်ပြန်လာစဉ် PDF အကြမ်းဖက်အဖွဲ့ထောင်ထားသည့် လက်လုပ်မိုင်း ၁ လုံးပေါက်ကွဲခဲ့မှုကြောင့် ကိုရင်(၃)ပါး၌ မိုင်းစထိမှန်ဒဏ်ရာများရရှိကာ ရှင်ဓမ္မနန္ဒနှင့် ရှင်သောနန္ဒတို့သည် သေဆုံးသွားခဲ့ပြီး ရှင်ပညာနန္ဒအား ဆေးကုသနိုင်ရေး စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရှိရပါသည်။

NUG အဖွဲ့၏စေခိုင်းချက်အရ PDF အကြမ်းဖက်သမားများသည် ငါနဲ့မတူငါ့ရန်သူ အယူအဆဖြင့် ၎င်းတို့ကို မထောက်ခံသည့် အပြစ်မဲ့ပြည်သူများအား ရက်ရက်စက်စက်လက်နက်အားကိုး၍ သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများ၏ အထွဋ်အမြတ်ထားရာ သာသနာ့ပိုင်အဆောက်အဦများကိုပါ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် ရဟန်းသံဃာတော်များအား ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခြင်းများအား စိတ်နှလုံးညှိုးနွမ်းဖွယ် ရက်စက်စွာ လုပ်ဆောင်လျက်ရှိပါသည်။

အကြမ်းဖက်သမားများ၏ ရက်စက်စွာသတ်ဖြတ်မှုကြောင့် ဧပြီလ ၂၂ ရက်အထိ သေဆုံးသူ ရဟန်းသံဃာတော် ၄၀ ပါး၊ သီလရှင် ၁ ပါး၊ ဒဏ်ရာရရှိသူ ရဟန်းသံဃာတော် ၁၃ ပါးနှင့် ပျောက်ဆုံးသံဃာ ၃ ပါးတို့ရှိပြီဖြစ်ပြီး ထိုကဲ့သို့ သာသနာ့နွယ်ဝင် ရဟန်း/သံဃာများအား သေဆုံးထိခိုက်ဒဏ်ရာရရှိစေခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၂-၄-၂၀၂၂)**

- **PDF အကြမ်းဖက်အဖွဲ့ထောင်ထားသည့် လက်လုပ်မိုင်းပေါက်ကွဲ၍ ဆွမ်းခံထွက်လာသည့် ကိုရင်(၃)ပါးတွင် မိုင်းစထိမှန်ဒဏ်ရာများရရှိကာ ရှင်ဓမ္မနန္ဒနှင့် ရှင်သောနန္ဒတို့သည် သေဆုံးသွားခဲ့ပြီး ရှင်ပညာနန္ဒအား ဆေးကုသနိုင်ရေး စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့။**
- **အကြမ်းဖက်သမားများ၏ ရက်စက်စွာသတ်ဖြတ်မှုကြောင့် ဧပြီလ ၂၂ ရက်အထိ သေဆုံးသူ ရဟန်းသံဃာတော် ၄၀ ပါး၊ သီလရှင် ၁ ပါး၊ ဒဏ်ရာရရှိသူ ရဟန်းသံဃာတော် ၁၃ ပါးနှင့် ပျောက်ဆုံးသံဃာ ၃ ပါး တို့ရှိပြီဖြစ်။**




**PDF အကြမ်းဖက်သမားများထောင်ထားသည့် လက်လုပ်မိုင်းပေါက်ကွဲခဲ့မှုကြောင့် သေဆုံးခဲ့သည့် ကိုရင်ငယ် ၂ ပါး**

## PDF အကြမ်းဖက်သမားများက အခြေခံပညာအထက်တန်းကျောင်း၌ စာပေသင်ကြား ပြသပေးလျက်ရှိသည့် ဒုတိယကျောင်းအုပ်ဆရာကြီးအား ရက်စက်စွာ လုပ်ကြံသတ်ဖြတ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ ဒုတိယကျောင်းအုပ်ဆရာကြီးဖြစ်သည့် မြဝတီရပ်ကွက်နေ ဦးသောင်းတင်ထွန်း (၅၅)နှစ်သည် ဧပြီလ ၂၁ ရက်တွင် မုံရွာ-ရေဦးကားလမ်းဘေးရှိ ၎င်း၏နေအိမ်ရှေ့၌ ဖွင့်လှစ်ထားသည့် တော်ဝင်ထွန်းစျေးဆိုင်၌ရှိနေစဉ် အကြမ်းဖက်သမား (၂)ဦးရောက်ရှိလာပြီး သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးခဲ့သဖြင့် ဦးသောင်းတင်ထွန်းတွင် ကျည်ထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် ၎င်းအား ဘုတလင်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစဉ် ရရှိခဲ့သည့်ဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း သိရှိရပါသည်။

အလုံးစုံပျက်သုဉ်းရေးလမ်းစဉ်အရ NUG အကြမ်းဖက်အဖွဲ့များ၏ စေခိုင်းချက်ဖြင့် PDF အကြမ်းဖက်သမားများသည် ကျောင်းသား/သူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ခြင်းမရှိစေရန် စာသင်ကျောင်းများအား လက်လုပ်မိုင်းများဖြင့် တိုက်ခိုက်ခြင်း၊ မီးရှို့ ဖျက်ဆီးခြင်းများအပြင် ပညာရည်မြင့်မားရေးကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နေသည့် အပြစ်မဲ့ပြည်သူများနှင့် ပညာရေးဝန်ထမ်းများဖြစ်သည့် ဆရာ/ဆရာမများအား ရက်စက်စွာ လုပ်ကြံသတ်ဖြတ်မှုကြောင့် ဧပြီလ ၂၃ ရက်အထိ ဆရာ ၁၂ ဦး၊ ဆရာမ ၁၃ ဦးနှင့် ဝန်ထမ်း ၃ ဦးတို့ရက်စက်စွာ အသတ်ခံရပြီး ဆရာ ၉ ဦး၊ ဆရာမ ၁၄ ဦး၊ ဝန်ထမ်း ၅ ဦးတို့ ပြင်းထန်ဒဏ်ရာများ ရရှိခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ နိုင်ငံ့ဝန်ထမ်းပီသစွာ စာပေသင်ကြားပေးလျက်ရှိသူအား လုပ်ကြံသတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၃-၄-၂၀၂၂)**

- **ဒုတိယကျောင်းအုပ်ဆရာကြီး ဦးသောင်းတင်ထွန်းအား ၎င်း၏နေအိမ်ရှေ့၌ ဖွင့်လှစ်ထားသည့် တော်ဝင်ထွန်းစျေးဆိုင်၌ရှိနေစဉ် အကြမ်းဖက်သမား (၂)ဦးရောက်ရှိလာပြီး သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးခဲ့သဖြင့် ၎င်းအား ဘုတလင်မြို့ ပြည်သူ့ဆေးရုံ သို့ ပို့ဆောင်ဆေးကုသမှုခံယူစဉ် ရရှိခဲ့သည့် ကျည်ထိမှန်ဒဏ်ရာများဖြင့် သေဆုံးခဲ့။**
- **အကြမ်းဖက်သမားများ၏ ရက်စက်စွာသတ်ဖြတ်မှုကြောင့် ဧပြီလ ၂၃ ရက်အထိ သေဆုံးသူ ဆရာ ၁၂ ဦး၊ ဆရာမ ၁၃ ဦး၊ ဝန်ထမ်း ၃ ဦး၊ စုစုပေါင်း ၂၈ ဦးနှင့် ဒဏ်ရာရရှိသူ ဆရာ ၉ ဦး၊ ဆရာမ ၁၄ ဦး၊ ဝန်ထမ်း ၅ ဦး၊ စုစုပေါင်း ၂၈ ဦး တို့ရှိပြီဖြစ်။**

## မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတား (မြန်မာဘက်ခြမ်း)မုခ်ဦးတွင် မော်တော်ယာဉ်ဖြင့် ဖောက်ခွဲဖျက်ဆီးမှုဖြစ်ပွား





ဧပြီလ ၂၂ ရက်တွင် မြဝတီမြို့မရဲစခန်းမှ ဒုရဲအုပ် ရဲဝင်းနိုင်ဦးစီးသောအဖွဲ့မှ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့်အတူ လုံခြုံရေးတာဝန်ဆောင်ရွက်နေစဉ် မြဝတီမြို့တွင်းဘက်မှ အမှတ်(၁)ချစ်ကြည်ရေးတံတားဘက်သို့ဦးတည်လျက် ချစ်ကြည်ရေးတံတားထိပ်(မြန်မာဘက်ခြမ်း)ဝန်းတံခါးအား ယာဉ်အမျိုးအစား စိစစ်ဆဲ(ယာဉ်မောင်းမပါ)ဖြင့် ဝင်ရောက်တိုက်ခိုက်ကာ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး အဆိုပါပေါက်ကွဲမှုကြောင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေသော ဒုရဲအုပ်တွင် ယာနားထင်၊ နဖူးတို့တွင် မီးလောင်ဒဏ်ရာ၊ ဦးခေါင်းနောက်စေ့နှင့် ခန္ဓာကိုယ်အနှံ့အပြားတွင် ပွန်းပဲ့ဒဏ်ရာများ(မစိုးရိမ်ရ)နှင့် ရဲဒုတပ်ကြပ်ဝင်းသိန်းဦးတွင် ဝဲလက်ဖျံပေါက်ပြဲဒဏ်ရာများ (မစိုးရိမ်ရ)တို့ ရရှိသွားခဲ့သဖြင့် မြဝတီခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ဆေးကုသမှုခံယူစေခဲ့ကြောင်း သိရှိရပါသည်။

အလားတူ အဆိုပါပေါက်ကွဲမှုကြောင့် ယာဉ်အမျိုးအစား (စိစစ်ဆဲ)မှာ ယာဉ်တစ်စီးလုံးမီးလောင်ပျက်စီးသွားခဲ့ပြီး တံတားဘေးအနီးရပ်ထားသော ယာဉ်တစ်စီးမီးလောင်ပျက်စီးသွားခဲ့သဖြင့် မီးသတ်ယာဉ်(၂)စီးဖြင့် မီးငြိမ်းသတ်ခဲ့ရကြောင်း၊ ချစ်ကြည်ရေးတံတား(၁)အဝင်တံခါးအဆောက်အဦ အမိုး၊ လဝကစစ်ဆေးရေးရုံးအဆောက်အဦတို့ ပျက်စီးသွားခဲ့ကာ တံတားဝဲဘက်ခြမ်းရှိ နေအိမ်အဆောက်အဦ ပြတင်းတံခါးမှန်များပျက်စီးသွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးစိစစ်ဆဲဖြစ်ကြောင်း သိရှိရပါသည်။

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအချို့နှင့် အကြမ်းဖက်သမားများအနေဖြင့် စစ်ရေးနှင့်မသက်ဆိုင်သည့် နိုင်ငံတော်ပိုင်၊ ပုဂ္ဂလိကပိုင်အဆောက်အဦများ၊ ပြည်သူပိုင် အိုးအိမ်များကို ဖျက်ဆီးလျက်ရှိသည့်အပြင် ယခုကဲ့သို့ နှစ်နိုင်ငံစီးပွားရေးအရ ကုန်သွယ်မှုပြုနေသော လမ်းတံတားများအား အကြောင်းမဲ့ဖောက်ခွဲဖျက်ဆီးမှုများကြောင့် ပြည်သူများအနေဖြင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုများဖြစ်ပေါ်လျက်ရှိပါသည်။

အခင်းဖြစ်ပွားရာနေရာသို့ မြဝတီခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးရဲမင်းသူ ဦးစီးသောအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးမင်းဇော် ဦးစီးသောအဖွဲ့၊ ရှေ့တန်းအမှတ်(၂၇၅) ခြေလျင်တပ်ရင်းမှ ဗိုလ်ကောင်းခန့်ဟိန်းဦးစီးသောအဖွဲ့တို့မှ စစ်ဆေးလျက်ရှိပြီး ယာဉ်ဖြင့်ဖောက်ခွဲဖျက်ဆီးခဲ့သူအား ဖမ်းဆီးရမိရေးအတွက် အပူတပြင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၅-၄-၂၀၂၂)**

- **မြဝတီမြို့ရှိ မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတားထိပ်(မြန်မာဘက်ခြမ်း)မုခ်ဦးတွင် မော်တော်ယာဉ်ဖြင့် ဖောက်ခွဲဖျက်ဆီးမှုဖြစ်ပွားခဲ့ပြီး လုံခြုံရေးတာဝန်ထမ်းဆောင်နေသော ရဲတပ်ဖွဲ့ဝင် ၂ ဦး ထိခိုက်ဒဏ်ရာအနည်းငယ်ရရှိခဲ့ပြီး မော်တော်ယာဉ်နှင့် အဆောက်အဦများ ပျက်စီးခဲ့။**

# လှိုင်သာယာ(အရှေ့ပိုင်း)နှင့်(အနောက်ပိုင်း)မြို့နယ်များအတွင်း အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သူများအား ပြစ်ဒဏ်အသီးသီးချမှတ်

၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်အတွင်း အကြမ်းဖက်မှုကျူးလွန်ခဲ့သူများနှင့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ လူသတ်မှုကျူးလွန်ခဲ့ကြသည့် အကြမ်းဖက်သမားများအား စစ်အုပ်ချုပ်ရေး (Martial Law)စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ပြီး ပြစ်ဒဏ်များအသီးသီးအမိန့်ချမှတ်ခဲ့ပါသည်။

- လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်နေ ကျော်စိုးထက် (ခ) ကျောင်းဆရာနှင့် ရဲရင့်ထူး(ခ)ရဲကြီး ဋ္ဌေးသန္တာ(ခ)ဋ္ဌေးဋ္ဌေးတို့သည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ဆန္ဒပြမှုများတွင် ပါဝင်ခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း၌ သင်တန်းတက်ရောက်ခဲ့ခြင်း၊ ရဲကင်းစခန်းအပါအဝင် အများပြည်သူများသွားလာလျက်ရှိသည့်နေရာများအား လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းတို့ကြောင့်လည်းကောင်း၊ လက်လုပ်မိုင်းများအား လက်ခံသိမ်းဆည်းပေးခြင်းနှင့် အကြမ်းဖက်သင်တန်းတက်ရောက်ရန် ငွေကြေးထောက်ပံ့မှုများကို လုပ်ဆောင်ခဲ့ခြင်းတို့ကြောင့်လည်းကောင်း အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ဈ)နှင့် ၅၀(ည)တို့အရ ၎င်းတို့အား "ထောင်ဒဏ်တစ်သက်" ပြစ်ဒဏ်ကို အသီးသီးအမိန့်ချမှတ်ခဲ့။
- လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်နေ ကျော်သီဟထွန်း(ခ)သီဟသည် ၂၀၂၁ ခုနှစ်၊ မတ်လ ၁၄ ရက်နှင့် ၁၅ ရက်တွင် အမှတ်(၈)ရပ်ကွက်၊ အောင်ရတနာလမ်းနေ ဦးသိန်းဦးနှင့် ဦးမြသန်းတို့အား ဒလန်ဟုစွပ်စွဲ၍ လူသတ်သမားများနှင့်အတူ ဝိုင်းဝန်းရိုက်နှက်ခဲ့ကြပြီး တာယာကွင်းများပေါ်တင်ကာဓာတ်ဆီလောင်း၍ မီးရှို့သတ်ဖြတ်ခဲ့ခြင်းဖြင့် လူသတ်မှုကျူးလွန်ရာ၌ အားပေးကူညီမှုပြုခဲ့သည့်အတွက် ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၂(၂)/၁၁၄ အရ ၎င်းအား "အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၂၀ နှစ်" ပြစ်ဒဏ်ကို အမိန့်ချမှတ်ခဲ့။

စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့်စစ်ဆေးမည့် ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်းပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ကာ ထိထိရောက်ရောက်မြန်မြန်ဆန်ဆန်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၄-၄-၂၀၂၂)**



**တရားခံ ကျော်စိုးထက်၊ ရဲရင့်ထူးနှင့် ဋ္ဌေးသန္တာ**
**(ထောင်ဒဏ်တစ်သက်)**



**တရားခံ ကျော်သီဟထွန်း**
**(အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၂၀ နှစ်)**

- **လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်နေ ကျော်စိုးထက်(ခ)ကျောင်းဆရာအပါအဝင် (၃)ဦးအား အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ဈ)နှင့် ၅၀(ည)တို့အရ ၎င်းတို့အား "ထောင်ဒဏ်တစ်သက်" ပြစ်ဒဏ်ကို အသီးသီးအမိန့်ချမှတ်ခဲ့။**
- **လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်နေ ကျော်သီဟထွန်း(ခ)သီဟသည် လူသတ်မှုကျူးလွန်ရာ၌ အားပေးကူညီမှုပြုခဲ့သည့်အတွက် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၀၂(၂)/၁၁၄ အရ ၎င်းအား "အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၂၀ နှစ်" ပြစ်ဒဏ်ကို အမိန့်ချမှတ်ခဲ့။**